Burmese

# Tips for Reading with Children



## သင်၏ကလေးများနှင့် စာဖတ်ခြင်းအတွက် အကြံပြု ချက်များ။

1 ၁။ သင်၏ကလေးများနှင့် စကားပြောခြင်း၊ ပုံပြောပြခြင်း၊ သီချင်းဆိုခြင်းအားဖြင့် အချိန်ကို အတူတကွကုန်လွန်ပါစေ။

*စိတ်ချမ်းမြေ့ဖွယ်ကောင်းသော၊ အရေးကြီးသောလှုပ်ရှားမှုများဖြစ်ပြီး ကလေးများ စာဖတ်ရန် လမ်းခင်းအစပျိုးပေးပါသည်။*

2 ၂။ နေ့စဉ် ကလေးများကို စာဖတ်ပြပါ။ သူတို့နှင့်အတူတကွစာဖတ်ပါ။

*နေ့စဉ်စာဖတ်ခြင်းနှင့် အတူတကွအချိန်ကုန်လွန်စေခြင်းတို့သည် အရေးကြီးကြောင်း ပြသပါသည်။*

3 ၃။ ကလေးများနှင့်အတူဖတ်သောစာအုပ်များကို ရွေးချယ်ရာတွင် ကလေးများပါဝင်ရွေးချယ်ပါစေ။

*ဤသို့ဖြင့် ကလေးများ၏စိတ်ဝင်စားမှုကို ဆက်လက်ရှင်သန်စေရန် ထိန်းသိမ်းထားနိုင်ပေမည်။*

4 ၄။ စာဖတ်ချိန်တွင် သက်တောင့်သက်သာနေရာကိုရွေးပြီး ကလေးများနှင့်လက်ပွန်းတတီး နီးကပ်စွာထိုင်ပါ။

*ဤသို့ဖြင့် စာဖတ်ချိန်တွင် အထူးခံစားချက်တမျိုးကို ဖြစ်ပေါ်စေပါသည်။*

5 ၅။ ပုံပြင်ဇာတ်လမ်း အပေါ်မူတည်၍ အသံနေအသံထား အနိမ့်အမြင့် အတိုးအကျယ် အနှေးအမြန် ဆီလျော်အောင်ဖတ်ပါ။

*ဤသို့ဖြင့် ကလေးများအတွက် ပုံပြင်ဇာတ်ကွက်သည် ပိုမိုစိတ်ဝင်စားဖွယ်ကောင်းစေပါသည်။*

6 ၆။ စာအုပ်ဖတ်ပြီးလျှင်၊ ဇာတ်လမ်းအကြောင်း ပြန်ပြောင်းပြောဆိုပါ။

*စာအုပ်ပါရုပ်ပုံကားများနှင့် အဓိကစိတ်ကူးဇာတ်ကွက်များကို ဆွေးနွေးခြင်းအားဖြင့် ကလေးများ၏နားလည်မှုကို တိုးတက်ဖွံ့ဖြိုးစေပါသည်။*

7 ၇။ မိဘများ စာအုပ်၊ သတင်းစာ၊ မဂ္ဂဇင်းများဖတ်နေခြင်းကို ကလေးများ မြင်တွေ့ပါစေ။

*မိဘများစာဖတ်ဝါသနာပါခြင်း၊ တန်ဖိုးထားခြင်းတို့သည် ကလေးများအတွက် ဥပမာကောင်း များဖြစ်စေပါသည်။*

8 ၈။ ကလေးများအား စာကြည့်တိုက်သို့ မှန်မှန် ခေါ်ဆောင်သွားပါ။

*စာကြည့်တိုက်များသည် စာအုပ်နှင့် အလားတူပစ္စည်းများစွာ တွေ့နိုင်သော နေရာကောင်းများဖြစ်ပါသည်။*


MINNESOTA
Humanities Center

This resource is available in 26 languages and can be found on our website, www.minnesotahumanities.org.
For more information, please call 1-866-268-7293 or email info@minnesotahumanities.org.